ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (12-8-2008) (၅၇၆၈)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီး General, Phung Quang Thanh အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလှည့်လည်ပတ်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

၁၂-၈-၂၀၀၈
(အင်္ဂါနေ့)

ယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်း

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် မွေးဖွားကြီးပြင်းချိန်မှ သေဆုံးချိန်အတွင်း လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ပြောဆိုခဲ့သော ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှသည် လူမှုဆက်ဆံရေး၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ်၊ လက်မှုပညာနှင့် အနုသုခုမပညာတို့အထိ လွှမ်းခြုံဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ထိန်းသိမ်းလာခဲ့သည်ကို မြေပေါ်ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေအောက်မှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များက ခိုင်ခိုင်မာမာ ညွှန်ပြလျက်ရှိသည်။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ရှေးဟောင်း ဘုရားစေတီပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည့်အပြင် နံရံဆေးရေးပန်းချီနှင့် ရှေးဟောင်းအဆောက်အအုံများရှိ အနုပညာလက်ရာများစွာကိုလည်း လေ့လာတွေ့ရှိနိုင်ဆဲဖြစ်သည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများသည် နှစ်ကာလကြာရှည်လာသည်နှင့်အမျှ ပျက်စီးဆုံးရှုံးနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။ နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူထားသည်။ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင် ထိန်းသိမ်းခြင်း၊ နန်းတော်နှင့် မြို့ရိုးများတူးဖော်ခြင်း၊ ကျောက်စာ မော်ကွန်းဝင်ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ နှစ်ပေါင်းထောင်ချီ၍ တည်တံ့ခိုင်ခံ့ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသည် မြန်မာတို့၏ မျိုးရိုးဇာတိဂုဏ် ထည်ဝါမှုကို ဖော်ညွှန်းနေသည်။ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်းအနုပညာလက်ရာများသည် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုကို သိမြင်နိုင်သည်။

နိုင်ငံတော်က အဆိုပါ ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာများကို အစဉ်တစိုက် ဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လျက်ရှိသည့်နည်းတူ တိုင်းရင်းသား ပြည်သူများအားလုံးက နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား၍ ဒေသအလိုက် ဝိုင်းဝန်းထိန်းသိမ်းကြခြင်းဖြင့် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး ကြီးမားလှသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အရှည်တည်တံ့ ခိုင်ခံ့နေမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဏ္ဍလာကဲယုံကျောင်း သာသနာလင်္ကာရအသင်းတိုက်အတွင်း ဇယမေဒိနီ ခဏ္ဍသိမ်တော်ကြီး အလယ်ထပ်၌ တည်ထားကိုးကွယ်ရန် အဘယမုဒြာလာဘမုနိ မြတ်စွာဘုရား တစ်ဆူနှင့် ပလ္လင်တော်တို့ သွန်းလုပ်ထုလုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ ဦးစောမြ- ဇနီးဒေါ်စိန်နု မိသားစုက အလှူငွေကျပ် ၃၅၀၀၀၀၀ကို ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေတု (မဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးလှသောင်းက လက်ရှိဓာတ်မြေဩဇာ ထုတ်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်ရုံအလိုက်လျာထားသော ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ဝန်ထမ်းများအား လုံးကကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည်ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စက်ပြင်ဆင်ထားရှိမှု အခြေအနေ၊ ဓာတ်မြေဩဇာထုတ်လုပ်နေမှုနှင့်ဖြန့်ဖြူးရေးဌာနတွင် ဓာတ်မြေဩဇာထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် စက်ရုံလုပ်သားအစည်းအဝေးခန်းမ၌ စက်ရုံဝန်ထမ်းများအား တွေ့ဆုံပွဲတွင် ဝန်ထမ်းများအနေနှင့် မိမိတာဝန်ယူရသော လုပ်ငန်းများအပေါ် နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာ တာဝန်ကျေကျေပွန်ပွန် ကြိုးပမ်း ထမ်းဆောင်သွားကြရန်နှင့် ဝန်ထမ်းသက်သာ ချောင်ချိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးတို့ဖြင့် ဆောင်ရွက် အကောင်အထည်ဖော်ကြရန် မှာကြားခဲ့ကြောင်းသတင်း ရရှိသည်။
(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)၌ ဓာတ်မြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ချင်းပြည်နယ် တီးတိန်မြို့ရှိ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၁)၊အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ဩဂုတ် ၇ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက် အမှာစကားပြောကြားသည်။

ပြောကြား

ထို့အတူ ချင်းပြည်နယ် တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၄)၊အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၂)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ဩဂုတ် ၇ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်း တက်ရောက် အမှာစကားပြောကြားသည်။

အလားတူ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ စစ်ကိုင်းတိုင်း နန်းယွန်း၊လေရှီး၊ လဟယ်၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတွင် ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွား၊ အပြန် ခရီးစရိတ်များ၊ နေထိုင် စားသောက်စရိတ်များ၊ သင်တန်းသုံး ပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဗဟန်းမြို့နယ်အာဇာနည်လမ်း၊ ရွှေတိဂုံ မြောက်ဘက်မုခ်နေ ဦးသိန်း-ဒေါ်ရီ၊ သမီး မဇီးကွက်(ခ) မသန်းသန်းကြွယ်၊ မဘိုထွေး၊ သား ရွှေနန်းလှိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။
(ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနနှင့် Australia နိုင်ငံ Exodus Foundationတို့မှ ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ်၉ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့်ပြင်ပလူနာ အထူးဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘားအံမြို့နယ် (၃)ရပ်ကွက်ရှိ မဲဘောင်ကျောင်းတိုက် ဆရာတော်ထံ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ၂၀၀၈ -၂၀၀၉စိုက်ပျိုးရေးတိုးတက်မြင့်မားရေး ညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဩဂုတ် ၁၁

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဩဂုတ် ၆ ရက် နံနက် ၈ နာရီတွင် ဘားအံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဘားအံမြို့နယ် (၃)ရပ်ကွက်ရှိ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဲဘောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယအား ဖူးမြော်ကြည်ညိုကြကာ ဆရာတော်ထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ဘားအံတပ်နယ်ခန်းမ၌ ဘားအံတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှမော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး မော်လမြိုင်မြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသော မွန်ပြည်နယ် ၂၀၀၈-၂၀၀၉ ခုနှစ် စိုက်ပျိုးရေး တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးတင်အောင်ဝင်း၊ မွန်ပြည်နယ်နှစ်ရှည်ပင်များ စိုက်ပျိုးမှုနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းကြည်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်တင့်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဒေါ်မြတ်နွယ်နှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်းတို့က လုပ်ငန်းဆိုင်ရာများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းနိုင်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်ဝင်းတို့က ထပ်မံဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ ဧရာဝတီမြစ်ကျော် (230) KV မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၄၇) အသစ်တပ်ဆင် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

ဧရာဝတီမြစ်ကျော်တာဝါတိုင်အမှတ် (၁၄၇) အသစ်တပ်ဆင်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ (230) KV လှိုင်သာယာ-အသုတ် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၄၇) Suspension Tower တိုင်အသစ် တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားလိုင်း ပြောင်းလဲချိတ်ဆက်ထားရှိမှု၊ တာဝါတိုင်အဟောင်း ပြန်လည် ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့အား ရှင်းလင်းခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အား ပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၄၇)အသစ်တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှုနှင့် တာဝါတိုင်အဟောင်းမှ တာဝါတိုင်အသစ်သို့ (230) KV မဟာဓာတ်အားလိုင်း ပြောင်းလဲ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ဧရာဝတီမြစ်ကျော် တာဝါတိုင်ကြီးများကို နိုင်ငံတော်နှင့် ပြည်သူအကျိုးမျှော်မှန်းပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် စစ်ဆေးတိုင်းတာမှုများ၊ စနစ်တကျမှတ်တမ်းများ ထားရှိဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝါတိုင်အသစ်ဖြင့် ဓာတ်အားလိုင်း ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ထားရှိမှုနှင့် မြစ်ကမ်းပါး အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အနောက်မင်းလမ်းနေ ဒေါ်ဖွားရှင်၏ (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၇၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

✻ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Tran Van Tung နှင့် စစ်သံမှူး Sr. Colonel, Le Van Thanh တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်မှူးကြီးကျော်ညွှန့်နှင့် ဗိုလ်ချုပ်အေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် စစ်သံမှူး Sr. Colonel, Le Van Thanh တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ထံ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည် အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ဗီယက်နမ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ရောက်ရှိကြရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က နေပြည်တော် တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။ ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

စာပေစိုက်ပျိုး ဒါနမိုး တိုးလျက်ရွာစေချင်

နှင်းဦးခင်

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ မြန်မာနိုင်ငံတွင် စေတီပုထိုး၊ ကျောင်းကန်၊ ဇရပ်၊ စုလစ်မွမ်းချွန်၊ ကျောက်စာ၊ နံရံဆေးရေး စသည်ဖြင့် သက်သေပြစရာ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝလှပါသည်။ ယင်းမှာ မြင်နိုင်သည့် ရုပ်ဝတ္ထုယဉ်ကျေးမှုများပါ။ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအလှကို ပြရလျှင်သူမတူအောင် ထူးခြားလှသည့် **“နှလုံးသားစေတနာသဒ္ဓါတရားအလှ”** ပင်ဖြစ်ပါသည်။ **“တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား”** ဆိုသည်မှာ ကိုယ့်ရှိတာလေး မျှဝေပေး လှူဒါန်းတတ်သည့် လူမျိုးဖြစ်ကြောင်း သက်သေပြနေသည့်စကားပင် ဖြစ်ပါသည်။ ထို့အပြင် **“ရေဘူးနဲ့ဖိနပ်မပါ နွေခါမှသိ၊ ဒါနနဲ့သီလမပါ သေခါမှသိ”**ဟူ၍လည်း သံသရာခရီးသွားများအနေဖြင့် ဒါနလမ်းခင်းထားရန် အမြဲတာစူနေတတ်ကြပါသေးသည်။ အလှူဒါနပြုကြသည်ဆိုလျှင်လည်း အားလုံးဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်သာဖြစ်ပါသည်။

အများအားဖြင့် ရှင်ပြုရဟန်းခံအလှူ၊ ကျောင်းအလှူ၊ ဇရပ်အလှူ၊ သိမ်အလှူ၊ စာသင်ကျောင်းအလှူ၊ ကုသိုလ်ဖြစ် ဆေးခန်းအလှူ၊ သွေးအလှူ၊ မျက်စိအလင်းအလှူ၊ ရေအလှူ စသည်ဖြင့် ဘာသာရေးအလှူ၊ လူမှုရေးအလှူများကို ပြုလေ့ရှိကြပါသည်။ ရုပ်ဝတ္ထုပစ္စည်းအလှူနှင့် စိတ်ပိုင်းဆိုင်ရာ တရားဓမ္မအလှူနှစ်ရပ်လုံး ပေးလှူခြင်းမှန်သမျှ မြင့်မြတ်လှပါသည်။ တန်ဖိုးကြီးလှပါသည်။ သဒ္ဓါနှင့် မစ္ဆရိယတိုက်ပွဲတွင် သဒ္ဓါလက်နက် ထက်မြက်ပိုင်နိုင်သူတို့ ပြတ်ပြတ်သားသား လှူဒါန်းနိုင်ကြပါသည်။

ကျွန်မတို့ နိုင်ငံတွင် မကြာသေးမီကာလ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့က တိုက်ခတ်ခဲ့သောဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်အချို့ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တစ်ကြိမ်မျှ မကြုံခဲ့ဖူးသည့် ပြင်းထန်သော မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့သည့် မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ အဖြစ်သနစ်ကို မြင်တွေ့ သိရှိရသောအခါ လက်သည်းဆိတ်၍ လက်ထိပ်နာရပါသည်။ ကရုဏာစိတ်များ ယိုဖိတ်ကာ ကိုယ့်ရှိတာလေး မျှဝေပေးရန် လက်မနှေးကြတော့ပါ။ တစ်နိုင်ငံလုံးက သဒ္ဓါတရားအားကြီးစွာ လှူကြ တန်းကြသည်မှာ ကမ္ဘာကပင် အံ့သြရလောက်ပါသည်။

နိုင်ငံတော်၏ အမိအဖသဖွယ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ ကိုယ်တိုင် လှည့်လည် ကွင်းဆင်းစစ်ဆေး လမ်းညွှန်ဆောင်ရွက်ပေးခဲ့သည့်အပြင် လေဘေးသင့်ပြည်သူများကို နွေးနွေးထွေးထွေး တွေ့ဆုံအားပေး ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများကို နိုင်ငံတော်အပိုင်းက ပမာဏကြီးမားစွာ ကိုင်တွယ်ဖြန့်ဖြူး ထောက်ပံ့ပေးနေသကဲ့သို့ ပုဂ္ဂလိက စေတနာရှင်များ၊ ရဟန်းရှင်လူများ၊ ကုမ္ပဏီလုပ်ငန်းရှင်ကြီးများကလည်း လှူရေး တန်းရေးတွင် အားတက်သရော ရှိလှပါသည်။ လိုအပ်သည့်နေရာ မကျန်ရအောင် လိုရင်လိုသလို အင်တိုက်အားတိုက် ဖြည့်ဆည်း လှူဒါန်းပံ့ပိုးနေကြပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် နိုင်ငံ့အကြီးအကဲများမှစ၍ စေတနာရှင်လူငယ်များအထိ မုန်တိုင်းသင့်ပြည်သူအားလုံးကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကယ်ဆယ်စောင့်ရှောက် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

ယခုအချိန်တွင် ကျွန်မတို့နိုင်ငံ၌ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။ ပျက်စီးသွားသည့် ကျေးရွာများ ပြန်လည်တည်ဆောက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ခြင်း၊ လူနေအိမ်များ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားချက်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤအဆင့်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အပိုင်းက ပံ့ပိုးမှုများအပြင် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှု၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အလှူရှင်များ၏ လှူဒါန်းမှုတို့ကို ပေါင်းစပ်ပြီး အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

ယနေ့အခြေအနေမှာ လေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေး၊ ကျန်းမာရေးတို့ကို စီစဉ်ပေးထားပြီး ရေရှည်တွင် ဒေသတစ်ခုလုံး၏ လူနေမှုဘဝ မြင့်မားစေရန် တဲအိမ်အဆင့်ကနေ သစ်သားအိမ်၊ တိုက် အိမ်အဆင့်အထိ တိုးတက်လာရေး ဖန်တီးပေးထားပြီးဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်နေရပါသည်။ နိုင်ငံတော်နှင့် အလှူရှင်များ၏ စေတနာ သဒ္ဓါတရားမှာ ကြားသိရသူတိုင်း ကြက်သီးဖြန်းဖြန်း ထလောက်အောင် မြင့်မြတ်လှပါသည်။

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများ၏ဘဝမှာ ရုပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ ပြည့်စုံလာသည့်အခါ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရဦးမည် ဖြစ်ပါသည်။ လူသားဟူသည် ရုပ်နှင့်စိတ် ဒွန်တွဲလျက်ရှိသည်ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရန် လိုအပ်သလို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုလည်း အလားတူ လိုအပ်မည် ဖြစ်ပါသည်။

(၃) အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊

(၄) အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊

(၅)ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊

(၆)နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း သမီးမွန်များ ပေါ်ထွန်းလာစေနိုင်ခြင်း

ဟူသော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဖွင့်လှစ်ပြီးစာကြည့်တိုက်များမှ အကျိုးကျေးဇူးများကို ဆွတ်ယူခံစားရမည့်အချိန်တွင် လေဘေးသင့်ဒေသရှိ ပြည်သူများ၏ စာကြည့်တိုက်

ကျွန်မတို့ လှူဒါန်းမည့် စာအုပ်များက ဗဟုသုတ ဆင်းရဲမှုကြောင့် လူ့ဘဝအသိခေါင်းပါးကာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ နိမ့်ပါးရှာသော ကျေးလက်ပြည်သူများကို အလင်းရောင် ပေးပါလိမ့်မည်။ လမ်းညွှန်မှုများ ပေးပါလိမ့်မည်။ ကျေးရွာသူ၊ ကျေးရွာသားများ စာကြည့်တိုက်သို့လာပြီး မေးတတ်မြန်းတတ်၊ စူးစမ်းရှာဖွေတတ်ကြပါလျှင် ၎င်းတို့၏ အခက်အခဲများကို စာအုပ်များက ဖြေရှင်းပေးပါလိမ့်မည်။ စာအုပ်များမှတစ်ဆင့် အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်ပါလိမ့်မည်။ မိမိကိုယ်မိမိ အားကိုးပြီး မိမိဘဝကို တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ကြောင်း သိမြင်လာကြမှာ ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ဘုရင့်နောင်၏ ရဲဝံ့ပြတ်သားသော စိတ်ဓာတ်နှင့် ရဲမက်စစ်သည်တို့၏ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များကြောင့် နောင်ရိုးတိုက်ပွဲသည် သမိုင်းတွင်ခဲ့ရပါသည်။ ပညာရှင်များကလည်း “ဘာပဲကျကျ စိတ်ဓာတ်တော့မကျနဲ့”ဟု ဆိုထားပါသည်။ လူ့ဘဝတွင် စိတ်ပိုင်းဆိုင်ရာ အရည်အသွေး မြင့်မားနေရန် အမှန်ပင် လိုအပ်လှပါသည်။

လေဘေးသင့်ဒေသရှိ ပြည်သူများ၏အဖြစ်မှာ ကိုယ့်မျက်စိရှေ့၌ မိဘဆွေမျိုးသားသမီးများ သေကျေပျက်စီးသည်ကို မြင်ရ၊ နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးသည်ကို မြင်တွေ့ရနှင့် ကိုယ်တိုင်ဘဝပျက်ခမန်း ခံစားခဲ့ကြရသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ စိတ်ကို ပြန်မတွေးချင်၊ မတွေးဝံ့သော အဖြစ်ဆိုးကြီးက အချိန်ကာလတစ်ခုအထိ ခြောက်လှန့်ခြင်းကို ခံနေရမည် ဖြစ်ပါသည်။ ၎င်းတို့၏ နှလုံးသားများ တည်ငြိမ်စေရန်၊ စိတ်ဓာတ်များ တက်ကြွအောင် အားပေးရန် ကျွန်မတို့ လုပ်ဆောင်ရပါဦးမည်။

လေဘေးသင့်ဒေသရှိ ဆွေမျိုးသားချင်းများကို အားပေးဖို့၊ ဖျော်ဖြေဖို့ လက်နက်များမှာ ရုပ်ရှင်၊ဂီတ၊ သဘင်အနုပညာနှင့် စာပေတို့ပင်ဖြစ်ပါသည်။ လေဘေးသင့်ဒေသများသို့ ပြည်သူချစ်သော အနုပညာသည်များ သွားရောက်လှူဒါန်းကြ၊ ဖျော်ဖြေကြသည်ကို တွေ့မြင်သိရှိရ၍ မုဒိတာပွား မိပါသည်။ အမြဲတမ်းအားပေးနှစ်သိမ့်မှု ပေးနိုင်ရန်မှာ ၎င်းတို့အတွက် စာအုပ်များ၊ စာကြည့်တိုက်များ ထားရှိပေးခြင်းက အသင့်တော်ဆုံး ဖြစ်ပါသည်။

“စာပေသည် တိုင်းပြည်နှင့်လူမျိုး တိုးတက်စေကြောင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုပါသည်။ စာပေသည် ဗဟုသုတ တိုးပွားစေခြင်း၊ အတွေးအခေါ် ရင့်သန်စေခြင်းသာမက စာဖတ်ပရိသတ်အား ကျိုးကြောင်းဆီလျော်သည့် ဖျော်ဖြေမှုကိုလည်း ပေးနိုင်စွမ်းသည်”ဟု အဆိုရှိပါသည်။

ကျွန်မတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် စာကြည့်တိုက်များကို တည်ဆောက်ပေးခဲ့ပါသည်။ **“လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်တဲ့ အလေ့အထရှိအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ရမည်”** ဟု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က မှာကြားထားပါသည်။ ဝန်ကြီး၏ မှာကြားချက်ဖြင့် ကျေးရွာပေါင်း ၆၀၀၀၀ကျော်ရှိသည့်အနက် ၅၅၇၅၅ တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပေးခြင်းအားဖြင့်-

(၁)ကျေးလက်နေ လူကြီးလူငယ်တို့ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊

(၂)စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ ဗဟုသုတ တိုးပွားလာနိုင်ခြင်း၊

ပေါင်း ၂၀၀၀ နီးပါးခန့်မှာ မုန်တိုင်းနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုဒေသရှိ ပြည်သူများမှာ အသက်အိုးအိမ်ပျက်စီးခြင်းသာမက ၎င်းတို့ဘဝကို နားမျက်စိဖွင့်၍ ဘဝအလင်းတိုင် ထွန်းညှိပေးမည့် စာအုပ်စာပေများပါ ဆုံးရှုံးခဲ့ရသည်။ ရင်နင့်စရာဖြစ်ပါသည်။

စာပေဟူသည် အကန်းကိုမြင်စေ၍ အမှောင်ကို လင်းစေပါသည်။ စာအုပ်စာပေသည် နေမင်းပမာထွန်းလင်းပါသည်။ လမင်းပမာ အေးချမ်းပါသည်။ ရထားပမာပို့ဆောင်ပါသည်။လက်နက်ပမာ ထက်မြက်ပါသည်။ နှလုံးပမာနူးညံ့ပါသည်။ ထိုမျှလောက် လူ့ဘဝအတွက် တန်ဖိုးကြီးသော စာအုပ်စာပေတို့ကို လိုအပ်နေသူတို့အတွက် လိုအပ်နေသည့် အချိန်တွင် ဖြည့်ဆည်းလှူဒါန်းပေးနိုင်ပါလျှင် **“နေအရုဏ်သင့် ကြာမုံပွင့်”** သည့်ပမာ ကာလဒါနကြီး ဖြစ်ပေလိမ့်မည်ဟု ယုံကြည်ပါသည်။

“စာဖတ်ခြင်းက လူတွေကို ပြည့်ဝသူတွေဖြစ်စေသည်”ဟု ၁၅၉၇ ခုနှစ် ကတည်းက ဆာဖရန်စစ်ဘေကွန်က ဆိုခဲ့ပါသည်။ စာအုပ်က လူကို ပြုပြင်ပါသည်။ **ကျွန်မတို့ လှူဒါန်းမည့် စာအုပ်များက ဗဟုသုတ ဆင်းရဲမှုကြောင့် လူ့ဘဝအသိခေါင်းပါးကာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ နိမ့်ပါးရှာသော ကျေးလက်ပြည်သူများကို အလင်းရောင် ပေးပါလိမ့်မည်။ လမ်းညွှန်မှုများပေးပါလိမ့်မည်။ ကျေးရွာသူ၊ ကျေးရွာသားများ စာကြည့်တိုက်သို့လာပြီး မေးတတ်မြန်းတတ်၊ စူးစမ်းရှာဖွေတတ်ကြပါလျှင် ၎င်းတို့၏ အခက်အခဲများကို စာအုပ်များက ဖြေရှင်းပေးပါလိမ့်မည်။ စာအုပ်များမှတစ်ဆင့် အခက်အခဲများကို ဖြေရှင်း ကျော်လွှားနိုင်ပါလိမ့်မည်။ မိမိကိုယ်မိမိ အားကိုးပြီး မိမိဘဝကို တိုးတက် ပြောင်းလဲအောင် ဆောင်ရွက်နိုင်ကြောင်း သိမြင်လာကြမှာ ဖြစ်ပါသည်။ စာအုပ်စာပေက လူသားများ၏ စိတ်ဓာတ်ခွန်အားကို ပေးနိုင်ရုံ သာမက စာပေမှတစ်ဆင့် မိမိနိုင်ငံ မိမိလူမျိုး၏ ယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးထိန်းသိမ်း စောင့်ရှောက်သူများ၊ မျိုးနွယ်ကို စောင့်ထိန်းသူများ ပေါ်ထွက်လာစေနိုင်သည်အထိ တန်ခိုးအာနိသင်ရှိတတ်ပါသည်။**

အလှူရေစက် လက်နှင့်မကွာ လှူတတ်ကြသော၊ စေတနာရှင် ရဟန်းရှင်လူ၊ ပြည်သူအပေါင်းအနေဖြင့် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျေးရွာတစ်ရွာလျှင် စာကြည့်တိုက်လေးတစ်ခု၊ စာအုပ်လေး ၃၀၀/၄၀၀ ခန့်စသည်ဖြင့် လှူဒါန်းပေးနိုင်ပါလျှင် အမျိုးကိုချစ်သည့် လူမျိုး၊ လဲနေသူကိုထူတတ်သည့်လူမျိုး၊ ဇာတိနှင့် အစဉ်အလာကောင်းခဲ့သည့် ကျွန်မတို့ လူမျိုးအတွက် အလှတွင် အယဉ်ဆင့်နိုင်မည်မှာ မုချပင်ဖြစ်ပါသည်။ လောက၊ သံသရာ နှစ်ဖြာလှစေသော အလှူဒါနမျိုး ဖြစ်ပါ၍ တတ်နိုင်သမျှ လှူဒါန်းကြပါစေကြောင်း အမျိုးသားရေးအတွက် တွန်းအားပေး နှိုးဆော်လိုက်ရပါသည်။ မုန်တိုင်းသင့်ဒေသများအတွက် စာပေအလင်းတိုင်များ ပွားများ ထွန်းညှိနိုင်ကြပါစေ။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nam VIYAKETH **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Nam VIYAKETH **အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာအား လာအိုဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများထံ အလှူရှင် Yangon Crown Wire & Cable Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးရှောက်စန်း ဦးစီး၍ "စေတနာစုပေါင်းလှူဒါန်းရေး" မှ လေဘေးသင့်ဒေသရှိ လူငယ်သင်တန်းကျောင်းများ အတွက် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်း ဌာနငယ်များ အတွက်ငွေကျပ် ၁၀၂သန်းတန်ဖိုးရှိ အစားအစာ၊ ခြင်ဆေးခွေ၊ အဝတ်အထည်၊ ညှပ်ဖိနပ်များနှင့် မြောင်းမြနှင့် မအူပင်ရှိ "လူငယ်အားမာန်" လူငယ်သင်တန်းကျောင်း နှစ်ကျောင်းအတွက် အမေရိကန်ဒေါ်လာ ၈၀၀ တန်ဖိုးရှိ ရေသန့်စက်နှစ်လုံးကိုလည်းကောင်း၊ အလှူရှင် Crown ပညာရေးဝန်ဆောင်မှုမှ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်စုံနှင့် Crown ကွန်ပျူတာမှ ဒေါ်တင်ဦးမေ မောင်နှမ မိသားစုများက ငွေကျပ် ၄၁၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၁၀၀၊ ပေတံ ဒါဇင် ၅၀ တို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက်လှူဒါန်းကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်ဆန်ဘွန်နတ်က ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသားများကိုယ်စား လေဘေးသင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက်ကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန် အလှူငွေ၊ အဝတ်အထည်များနှင့် အစားအစာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်းနိုင်ငံသားများကိုယ်စား အလှူငွေ၊ အဝတ်အထည်နှင့် အစားအစာများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်ဆန်ဘွန်နတ်က ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသားများကိုယ်စား လေဘေးသင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက်ကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအထောက်အကူဖြစ်စေရန်အတွက် ပေးအပ်လှူဒါန်းသော အလှူငွေ၊ အဝတ်အထည်များနှင့် အစားအစာများကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသား ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့်နေ့ ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ၊ သစ်ပင်စိုက်ပွဲ၊ သွေးလှူဒါန်းပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်နေ့) ဩဂုတ် ၁၆ရက် (စနေနေ့)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲနှင့် မေတ္တာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အထက်ပါပွဲတော်များအပြင် အနောက်ဘက် သိင်္ဂုတ္တရဥယျာဉ်၌ ပွင့်ရာဗောဓိပင်များ အပါအဝင် သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း၊ ဒါနဥပပါရမီအနေဖြင့် ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပမည်ဖြစ်သည်။

ဝါခေါင်လပြည့်နေ့ နံနက်ပိုင်းတွင် အများပြည်သူတို့သည် ပန်းမျိုးစုံတို့ကို ပေးပို့လှူဒါန်းနိုင်ကြောင်း၊ စုပေါင်း၍ သွေးလှူဒါန်းရာ၌ ပါဝင်နိုင်ကြောင်းနှင့် အာဟာရကုသိုလ်အနေဖြင့် သွေးလှူရှင်တစ်ဦးအတွက် ငွေကျပ် ၂၀၀၀ နှုန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စစ်ကိုင်းတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရေလှောင်တမံစီမံကိန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းကလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၈ရက်နံနက် ၆ နာရီခွဲ တွင် ကလေးမြို့၏ မြို့ကျက်သရေဆောင် စကားလှမဟာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ် စကားလှဘုရားကြီးအား ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စကားလှဘုရားကြီး မဟာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် နည်းပညာတက္ကသိုလ် (ကလေး) သို့ ရောက်ရှိပြီး တက္ကသိုလ်နယ်မြေ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် နှစ်ရှည်ပင်များ၊ ပန်းအလှပင်နှင့် အရိပ်ရပင်များကို အလေးထား စိုက်ပျိုးသွားကြရေး မှာကြားကာ ဆရာ၊ ဆရာမများအတွက် ငွေကျပ်နှစ်သိန်းကို ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဖုန်းကြွယ်နှင့် တာဝန်ရှိသူများထံပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ်ကလေး-ဂန့်ဂေါကားလမ်းပေါ်ရှိ ဆည်တောရွာအနီး တည်ဆောက်လျက်ရှိသော မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်ဆောင်မှ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁)နှင့်အမှတ်(၂)ဖောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ရွာအနီး ကျောက်ဖြုတ်ချောင်းပေါ်တွင် တည်ဆောက်ထားသောကန့်ဒေါင့်ရေလှောင်တမံသို့ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ် အုန်းမြင့်က ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် တာဝန်ရှိသူတို့က စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံကြေး ထောက်ပံ့ငွေကျပ် သုံးသိန်းကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ် အုန်းမြင့်က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယင်းမာပင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ယင်းမာပင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်အုန်းမြင့်က ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် တာဝန်ရှိသူများက စာရေးကိရိယာများ၊ စာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်ကြပြီး တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံကြေးထောက်ပံ့ငွေကျပ်သုံးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့်လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ် အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် မုံရွာမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက်လုံးဆိုင်ရာ မလိခမဟာရုံ ဆွမ်းလောင်းအဖွဲ့၏ စတုတ္ထဆွမ်းပတ်မြောက် ဝါတွင်း သံဃာဒါန အရုဏ်ဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်တွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းမှ ဝါဆို ဆရာတော်၊ သံဃာတော် ၁၇၄ပါးတို့အား မဟာရုံ အဖွဲ့နာယက ဦးစိုးမြင့်နှင့် နာယကအဖွဲ့ဝင်များ၊ မဟာရုံဥက္ကဋ္ဌ ဦးရဲဝင်း၊ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ လူငယ်ဆွမ်းလောင်း အဖွဲ့များနှင့် ရပ်ကွက် အလှူရှင်များက အရုဏ်ဆွမ်းထမင်း၊ ဆွမ်းဟင်းများ လောင်းလှူကြစဉ်။ (ဌဝဇ)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကလေးမြို့နယ် ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းငယ်ဖြစ်ပေါ်

ရန်ကုန် ဩဂုတ် ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင်ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၃၅လက်မ၊ ကလေးဝမြို့တွင် ၄ဒသမ ၀၅လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ ၈၆လက်မ၊ ဖလမ်းမြို့တွင် ၃ဒသမ ၆၂လက်မ၊ မော်လမြိုင်မြို့တွင် ၃ဒသမ၂၃လက်မ၊ ရေးမြို့တွင် ၃ဒသမ ၁၁လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ဒသမ ၀၃လက်မ၊ ကျိုက္ခမီမြို့တွင် ၂ဒသမ၇၂လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၄၈လက်မနှင့် မှော်ဘီမြို့တွင် ၂ဒသမ ၁၇လက်မစီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယမန်နေ့က ဘင်္ဂလားပင်လယ် အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ယနေ့ မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး လေဖိအားနည်း ရပ်ဝန်းအဖြစ် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ထူးခြားသည့်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဩဂုတ် ၁၂ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေအများအားဖြင့် အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်)	၁၀-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၁၁-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	၁၁-၈-၂၀၀၈
နေပူသည့်နာရီပေါင်း ၀ ဒသမ ၅နာရီခန့်	၁၀-၈-၂၀၀၈

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စံပါပဲ အပိုင်း(၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ရေးဖွဲ့သီရာစာကဗျာ လင်္ကာ (၂)
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း(၁၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၈ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ငှက်သိုက်အမျိုးသားအားကစားကွင်း (Bird's Nest National Stadium) ၌ ကျင်းပသည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၆နာရီခွဲတွင် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ငှက်သိုက်အမျိုးသားအားကစားကွင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်၊ ဒုတိယသမ္မတ မစ္စတာ ရှီကျင်ဖျင်၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပေကျင်းအိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ၊ နိုင်ငံအသီးသီးတို့မှ အားကစားဝါသနာရှင်များ စုစုပေါင်း အင်အားတစ်သိန်းကျော်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကွင်းအတွင်းသို့ ချီတက်ဝင်ရောက်လာသော ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အား အရေးကြီးပုဂ္ဂိုလ်များ ပွဲကြည့်စင်မှ နှုတ်ဆက်အားပေးသည်။

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ည ၈နာရီတွင် စတင်ကျင်းပပြီး ည ၁၂နာရီ ၁၀မိနစ်တွင် ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၉ရက် နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး (ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီးတင့်လွင်နှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အခြေအနေများ၊ နိုင်ငံတော်၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သံရုံးနှင့်စစ်သံရုံး မိသားစုတို့အတွက် လက်ဆောင်ပစ္စည်းများကို သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့အား ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကူမင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့ သွားရောက်ရန် ဩဂုတ် ၉ ရက် နံနက် ၁၀နာရီ မိနစ် ၄၀ တွင် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးကျောက်ဝေဆွေနှင့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ယူနန်ပြည်နယ် ကူမင်းမြို့ ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကူမင်းမြို့ Empark Grand Hotel ရှင်းလင်းဆောင်၌ ကောင်စစ်ဝန်ချုပ်ရုံးဆောက်လုပ်မည့်အခြေအနေနှင့်စပ်လျဉ်း၍ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျူကျောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။ ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်အား ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ အမျိုးသမီးငယ် တစ်ဦးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အမျိုးသမီးငယ် တစ်ဦးတို့ကဂုဏ်ပြုပန်းခြင်းများကိုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာ ကျူကျောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်တို့ လိုက်ပါပြီး ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မွန်းလွဲ ၂နာရီခွဲတွင် ကူမင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးများ ဆောက်လုပ်မည့်မြေနေရာသို့ ထွက်ခွာလာပြီး မွန်းလွဲ၂နာရီ၄၅မိနစ်တွင် ယင်းနေရာရှေ့ရှိ Empark Grand Hotel သို့ ရောက်ရှိကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ရှင်းလင်းဆောင်၌ ကောင်စစ်ဝန်ချုပ်ရုံး ဆောက်လုပ်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာ ကျူကျောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်တို့က ဓာတ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည်Empark Grand Hotel၏(၂၁)ထပ်မှမြန်မာ သံရုံးအပါအဝင် ကောင်စစ်ဝန်ချုပ် ရုံးများ ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုပြီး ထွက်ခွာလာရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ခေတ္တတည်းခိုမည့် ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာသို့ ရောက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြ
တရုတ်ပြည်သူ
နေပြည်တော်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွ
မစ္စတာ ပိုင်အန်းဖေက ဩဂုတ် ၁၀ ရ
ဧည့်ဂေဟာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့်
ထို့နောက် မှတ်တမ်းတင် ဓာတ်
များသည် မော်တော်ယာဉ်များဖြင့် ထွက်
နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်
ဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ
အုပ်ချုပ်ရေးမှူးမစ္စတာ ကျူကျောက်ရှီ၊
တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်
တရုတ်လေကြောင်းဖြင့် ပြန်လည်ထွက်

ပြည်ရွှေ

(ပြည်ရွှေဘုံ)အရှင်ဝိစာရ(ဓမ္မာစရိ
မြတ်စွာဘုရား၊ ဝါခေါင်လပြည့်ကျော် ၈
ညနေ ၃ နာရီခွဲတွင် ရွှေတန်ဆာမြတ်စွာ
မည်ဖြစ်ကြောင်း သိရသည်။

တားမြစ်ဆေးသုံးစွဲသူ

ပေကျင်း ဩ
ပေကျင်းအိုလံပစ်အားကစားပြ
တားမြစ်ဆေးဝါးများသုံးစွဲခြင်းမှ ကာ
စပိန်နိုင်ငံမှ စက်ဘီးသမား မာရီယာအ
ဆေးသုံးစွဲသည့် အားကစားသမားဖြစ်
နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်
တနင်္လာနေ့တွင် ကြေညာခဲ့သည်။

အီးပီအိုဆေ

မိုရီနိုအား တစ်ဦးချင်းဆေးစစ်ဆေ
ခေါ် အီရီသရိုပိုအင်တိမ်းဆေးသုံးစွဲခဲ့
အိုင်အိုစီဆက်သွယ်ရေးညွှန်ကြားရေး
အသက် ၂၇ နှစ်ရှိ မာရီနိုကို ဇူ
ဆေးစစ်ခဲ့ကြောင်း၊ ဆေးစစ်မှုအဖြေ
နိုင်ငံမှ ပြန်သွားပြီဖြစ်ကြောင်း ဒါဗီး
သတင်းထောက်များအား ပြောကြားသ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေအား ဩဂုတ် ၉ရက် ညနေ၆နာရီတွင်ယူနန်ပြည်နယ်အစိုးရ ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေနှင့်အတူ အမြဲတမ်း အဖွဲ့ဝင်နှင့် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရန်ရင်နန်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကျူကျောက်ရှီ၊ ယူနန်ပြည်နယ်နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာ၌မြန်မာနိုင်ငံနှင့်ယူနန်ပြည်နယ်တို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေ အတွင်းရေးမှူးက နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ကျိမ့်ကျွမ်းပြည်နယ်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေ အတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေတို့ ယူနန်ပြည်နယ် အစိုးရ ကျိမ့်ကျွမ်းပြည်နယ် ဧည့်ဂေဟာ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေအား ယူနန်ပြည်နယ် အစိုးရ ကျိမ့်ကျွမ်းပြည်နယ် ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီယူနန်ပြည်နယ် ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အန်းဖေက ဩဂုတ် ၁၀ ရက် နံနက် ၁၁နာရီခွဲတွင် ယူနန်ပြည်နယ်အစိုးရ ကျိမ့်ကျွမ်းပြည်နယ် ဧည့်ဂေဟာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးမစ္စတာ ကျူကျောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်ရွှေဘိုဆရာတော် တရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

(ပြည်ရွှေဘို)အရှင်ဝိစာရ(ဓမ္မာစရိယ)သည် ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့် ညနေ ၃နာရီတွင် ရွှေတန်ဆာ မြတ်စွာဘုရား၊ ဝါခေါင်လပြည့်ကျော် ၈ ရက် ည ၇နာရီခွဲတွင် လောကမာရဇိန်မြတ်စွာဘုရား၊ ဝါခေါင်လကွယ် ညနေ ၃ နာရီခွဲတွင် ရွှေတန်ဆာမြတ်စွာဘုရားတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တားမြစ်ဆေးသုံးစွဲသူ စပိန်စက်ဘီးသမား ပြိုင်ပွဲမှထုတ်ပယ်ခံရ

ပေကျင်း ဩဂုတ် ၁၁

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် အားကစားသမားများ တားမြစ်ဆေးဝါးများသုံးစွဲခြင်းမှ ကာကွယ်ရေးအတွက် ဆေးစစ်ရာတွင် စပိန်နိုင်ငံမှ စက်ဘီးသမား မာရီယာအစ္စဘဲလ်မိုရီနိုသည် ပထမဆုံးသော ဆေးသုံးစွဲသည့် အားကစားသမားဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ၎င်းကို နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)က ပြိုင်ပွဲမှ ထုတ်ပယ်ကြောင်း တနင်္လာနေ့တွင် ကြေညာခဲ့သည်။

အီးပီအိုဆေးသုံးစွဲ

မိုရီနိုအား တစ်ဦးချင်းဆေးစစ်ဆေးရာတွင်သွေးကြွစေသော အီးပီအိုခေါ် အီရီသရိုပိုအင်တိမ်းဆေးသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု အိုင်အိုစီဆက်သွယ်ရေးညွှန်ကြားရေးမှူး အနီစီးလီဒါဗီစ်ကပြောသည်။

အသက် ၂၇ နှစ်ရှိ မာရီနိုကို ဇူလိုင် ၃၁ ရက်က အိုလံပစ်ရွာတွင် ဆေးစစ်ခဲ့ကြောင်း၊ ဆေးစစ်မှုအဖြေကို သိရှိရသောနေ့မှာပင် တရုတ်နိုင်ငံမှ ပြန်သွားပြီဖြစ်ကြောင်း ဒါဗီးစ်က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

အင်တာနက်။

ပေကျင်း အိုလံပစ်အားကစားပွဲတော်တွင် တားမြစ်ဆေးသုံးမှုကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရသူ စပိန်စက်ဘီးသမား မာရီယာအစ္စဘဲလ်မိုရီနိုအား တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲရလဒ်များ

ကြက်တောင် (အမျိုးသား)
လင်ဒန်း(တရုတ်) ၂ - ၀ နောင်ဝေ (ဟောင်ကောင်)

ကြက်တောင် (အမျိုးသမီး)
စီစင်းဖန် (တရုတ်) ၂ - ၀ အိုဂါကနွန်

ဘတ်စကက်ဘော (အမျိုးသမီး)
ရုရှား ၇၇ - ၇၂ တောင်ကိုရီးယား
ချက် ၈၁ - ၄၇ မာလီ

ဘော်လီဘော (အမျိုးသား)
ဘူလ်ဂေးရီးယား ၃ - ၁ တရုတ်
ရုရှား ၃ - ၁ ဆာဗီးယား
ဘရာဇီး ၃ - ၀ အီဂျစ်
ပိုလန် ၃ - ၀ ဂျာမနီ

ဘော်လီဘော (အမျိုးသမီး)
တရုတ် ၃ - ၁ ပိုလန်
ကျူးဘား ၃ - ၀ အမေရိကန်

အလေးမ (အမျိုးသား) ၆၂ကီလို
ရွှေ - စုန်စင်းစင်း (တရုတ်) ၃၁၅ ကီလို
ငွေ - ဒိုင်ယေဂိုဆာလာဇာ(ကိုလံဘီယာ) ၃၀၅ ကီလို
ကြေး-တရိုင်ယာနို (အင်ဒိုနီးရှား) ၂၉၈ ကီလို

အလေးမ (အမျိုးသမီး) ၅၈ ကီလို
ရွှေ - ချင်ယန်းကျင် (တရုတ်) ၂၄၄ ကီလို
ငွေ - မာရီနာ ရှိုင်နိုဗာ (ရုရှား) ၂၂၇ ကီလို
ကြေး - အိုဂျွန် အေ့ (မြောက်ကိုရီးယား) ၂၂၆ ကီလို

ဂျူဒို အမျိုးသား (၇၃ ကီလို)
ရွှေ - အီလ်နာမန်မက်ဒီ (အဇာဘိုင်ဂျန်)
ငွေ - ဝမ်ကီချန် (တောင်ကိုရီးယား)
ကြေး - ရာစူးဘိုကွိ (တာဂျစ်ကစ္စတန်)

ဓားခုတ် (အမျိုးသမီး)
ရွှေ - မာရီယာဗလင်တီနာ ဗက်ဇာလီ (အီတလီ)
ငွေ - နမ်ဟွန်ဟီ (တောင်ကိုရီးယား)
ကြေး - မာဂရီရီတာ ဂရပ်ဘက်စ်စီ (အီတလီ)

အတည်ပြုချိန် ၅း၁၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်/တိုင်းများမှ ကိုယ်စားလှယ်များ ညှိနှိုင်းစည်းဝေး

ယခုနှစ် အဆိုဘာသာရပ်တွင် ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲ တိုးချဲ့ပြဋ္ဌာန်းယှဉ်ပြိုင်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်/တိုင်းများမှ ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် ကြိုးပမ်းကြရာတွင် ပြီးခဲ့သည့် ဇူလိုင် ၁၄ရက်တွင် ကျင်းပပြီးစီးခဲ့သည့် နာယကကြီးများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေးက လမ်းညွှန်ချမှတ်ပေးခဲ့သည့် ဦးတည်ချက် (၄)ရပ်ကို အဓိကလုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။ ဒီ ဦးတည်ချက်တွေကတော့-

- **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**
- **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။**
- **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးနှင့်**
- **အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး**

တို့ဖြစ်ကြောင်း။

ထို့ကြောင့် ယင်းဦးတည်ချက်များကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခုအစည်းအဝေးကို တက်ရောက်လာသည့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူအားလုံးက ကျရာနေရာကနေပြီး လုပ်ငန်းတာဝန်အသီးသီးကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ ဝိုင်းဝန်းလုပ်ဆောင်ကြရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းရန်လိုအပ်သော ကော်မတီ (၃)ရပ်နှင့် ဆပ်ကော်မတီ ၁၃ရပ်တို့ကိုလည်း စနစ်တကျဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် နာယကကြီးများ တက်ရောက်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်များအရ လာမည့် (၁၆) ကြိမ်မြောက် ပြိုင်ပွဲအတွက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်အချိန်ကာလ၊ ပြိုင်ပွဲနေရာသတ်မှတ်ချက်၊ ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ရမည့်ဘာသာရပ်များနှင့် အခြားအဆုံးအဖြတ်ပေးရန် အချက်များကို အသေးစိတ်သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်၍ ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များ၊ ကော်မတီ၊ ဆပ်ကော်မတီများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအနေဖြင့် လာမည့် ပြိုင်ပွဲကြီးအတွက် အစစအဆင်ပြေစွာ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ထို့ပြင် နာယကကြီးများ တက်ရောက်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပပြီးသည့်နောက်တွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီများအနေဖြင့် ကော်မတီ၊ ဆပ်ကော်မတီများနှင့် အကဲဖြတ်ပညာရှင်အဖွဲ့များ၏ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများဖြစ်သည့် ဆပ်ကော်မတီ အသေးစိတ်ဖွဲ့စည်းခြင်း၊ အကဲဖြတ်ဒိုင်အဖွဲ့များ အသေးစိတ်ဖွဲ့စည်းခြင်း၊ ကော်မတီ၊ ဆပ်ကော်မတီအလိုက် အသုံးပြုရန်လိုအပ်မည့် ခန့်မှန်းငွေကြေး အသုံးစရိတ် တောင်းခံရယူခြင်း၊ ခန့်မှန်းလိုအပ်သော စက်သုံးဆီအသုံးစာရင်းများ တောင်းခံရယူခြင်း၊ သတ်မှတ်တေးသီချင်းများ၊ တေးသံစဉ်များအား CD ခွေ၊ တိပ်ခွေဖြင့် အသံသွင်းယူပြီး ပြည်နယ်၊ တိုင်းများသို့ စံခွေ ဖြန့်ဝေရာ၌ အသင့်ဖြစ်အောင်စီမံခြင်း၊ ပြည်နယ်၊ တိုင်းများအလိုက် ဇာတ်ညွှန်းများ တောင်းခံခြင်း၊ အခမ်းအနားများနှင့် ပြိုင်ပွဲနေရာများအလိုက်ထားရှိမည့်နောက်ခံဘုတ်များအတွက် ပန်းချီဒီဇိုင်းများ အချိန်မီတင်ပြနိုင်ရေးစီမံခြင်း၊ ပြိုင်ပွဲ၏ အဖွင့် တေးသီချင်းကို အချိန်မီပြင်ဆင်ပြီးစီးနိုင်ရန်စီမံခြင်း စသည့် လုပ်ငန်းများကို လုပ်ငန်းဇယားရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲကာလမတိုင်မီ ပြိုင်ပွဲကြီး အစစအဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုကိစ္စအဝဝကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ် ကျင်းပမည့် (၁၆)ကြိမ်မြောက် ပြိုင်ပွဲကြီး၏ ထူးခြားချက်မှာ အဆို ဘာသာရပ်တွင် ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲကို တိုးချဲ့ထည့်သွင်း ပြဋ္ဌာန်း ယှဉ်ပြိုင်ခွင့်ပြုခြင်းပင်ဖြစ်သည်။ ယင်းကဏ္ဍကို (၁) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)၊ (၂) အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)၊ (၃) အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)ဆိုပြီး အဆင့်သုံးဆင့်နှင့် ယှဉ်ပြိုင်စေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်းအသီးသီးက ပြိုင်ပွဲဝင်များ အနေနှင့် ယင်းကဏ္ဍကို စိတ်ဝင်စားစွာဖြင့် လွယ်ကူအဆင်ပြေစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြလိမ့်မည်ဟု မျှော်မှန်းထားကြောင်း။

ထို့ပြင် ပြိုင်ပွဲဝင်များအဆင်ပြေလွယ်ကူစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ယခင်နှစ်များက စိုက်ပျိုးရေးသုတေသနဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည့် အရေးပြိုင်ပွဲနှင့် ရုပ်စုံသဘင်အဖွဲ့အလိုက် ပြိုင်ပွဲများကို ယခုနှစ်တွင် ခေတ် အကြိုက်တေးသီချင်း ပြိုင်ပွဲနှင့်အတူ တွဲဖက်ပြီး ပြိုင်ပွဲဝင်များ ပိုမိုအဆင်ပြေစွာ ယှဉ်ပြိုင်နိုင်မည့် အမှတ်(၇) တည်းခိုရေးစခန်း၊ သင်တန်းခန်းမဆောင်နေရာကို ရွှေ့ပြောင်းယှဉ်ပြိုင်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းကဏ္ဍဦးစားပေးအလိုက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ဟာကွက်မရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကော်မတီ၊ ဆပ်ကော်မတီများ၏ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းအပိုင်းကို စေ့စပ်သေချာစွာ ပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြိုင်ပွဲဝင်များ အဆင်ပြေစွာယှဉ်ပြိုင်နိုင်ရေး၊ အကဲဖြတ်ပညာရှင်များ အစစအဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ရန်ရှိသည်များကို တိုင်ပင်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၊ လေ့လာသူများ၊ အကဲဖြတ်ပညာရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီသူများ အစစ အဆင်ပြေအောင် ကော်မတီ၊ ဆပ်ကော်မတီအသီးသီးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ပင် ပြည်နယ်၊ တိုင်းအသီးသီးက ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အရေအတွက်နှင့် အရည်အသွေးသည် ယမန်နှစ် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အရေအတွက်နှင့် အရည်အသွေးထက် ပိုမိုတိုးတက်ပါဝင်ယှဉ်ပြိုင်ကြရေးအတွက် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအသီးသီးမှ တာဝန်ရှိသူများအနေနှင့် ဝိုင်းဝန်းပံ့ပိုးပေးကြရန် တစ်ဆက်တည်း တိုက်တွန်းပြောကြားလိုကြောင်း။

ယခုဆိုလျှင် (၁၄) ကြိမ်မြောက်နှင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နေပြည်တော်၌ အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံကောင်းများရရှိပြီးဖြစ်၍ ယင်းအတွေ့အကြုံကောင်းများကို အခြေခံပြီး လာမည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲအတွက် အားသာချက်များကို ပိုမိုဆောင်ကြဉ်းပေးနိုင်လိမ့်မယ်ဟု မျှော်လင့်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ကကြီးမှူးပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများသည် မြန်မာတို့တန်ဖိုးထား မြတ်နိုးတွယ်တာအပ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များနှင့် မြန်မာ့မူမြန်မာ့ဟန် စစ်စစ်ဖြစ်သည့်အမျိုးသားရေး စရိုက်လက္ခဏာများ ပိုမိုရှင်သန် ဖွံ့ဖြိုးလာစေရေးအတွက် အဘက်ဘက်က အထောက်အကူဖြစ်စေသည့်အပြင် ဒို့တာဝန်အရေးသုံးပါးကို ဖော်ဆောင်ရာမှာလည်း အရေးပါသည့်အခန်းကဏ္ဍကနေ ရပ်တည်နေခြင်းကြောင့် လာမည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အစစအရာရာအဆင်ပြေအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်/တိုင်းများမှ ကိုယ်စားလှယ်များက အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရန် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ခေါင်းဆောင်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောကလာကြသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးအပြီးတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အဖွဲ့ဝင်များသည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသုံးပြုမည့် နမူနာပိုစတာများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြည်နယ်/တိုင်းများမှကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊ သူသူဟံသာ၊ အိမ့်အိမ်း) (ဒါရိုက်တာ-သက်တင်)**
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ **"ငါးရစ်မျိုးငါးတို့မစား" (ရော၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညီညီစိမ့်၊မြသက်ထား) (ဒါရိုက်တာ-ရဲဝင်းနီ)**
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၅း၁၀ ၇။ အဆိုပြိုင်ပွဲ
၅း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၅၀ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့် လှည့်ကွက်" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်လာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စာကြည့်တိုက်ပညာဖြင့် စွမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဤအခြေခံစာကြည့်တိုက်ပညာသင်တန်းကို ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်(၃)ရပ်မှာ (၁)အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်လာစေရေး၊ (၂)ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ (၃)စာကြည့်တိုက်ပညာတတ်ကျွမ်းနားလည်သည့် စာကြည့်တိုက်မှူးကောင်းများ၊ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်သည့် ပြန်ကြားရေးမှူးကောင်းများ ဖြစ်လာစေရေးတို့ပင်ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်(၃)ရပ် အောင်မြင်ရေးအတွက် အလေးထားပြီးနာယူမှတ်သားလေ့ကျင့်သွားရန်လိုကြောင်း။

မိမိတို့ကိုယ်တိုင်က ကြိုးစားဖြည့်ဆည်း လေ့လာပျိုးထောင်သွားကြရန် လိုကြောင်း၊ ယင်းသို့ လုပ်ငန်းများတိုးတက် ထိရောက်အောင်မြင်စေရန် (၁)Active သွက်လက်ရန်၊ (၂)Initiative ထိုးထွင်းကြံဆဆန်းသစ်ရန်၊ (၃)Dynamic ထက်မြက်ရန်လိုကြောင်း။

မိမိတို့သင်ကြားတတ်မြောက်လာသည့် စာကြည့်တိုက်ပညာများကို လက်တွေ့အသုံးချကြစေလိုကြောင်း၊ သို့မှသာ မိမိတို့၏ စာကြည့်တိုက်လုပ်ငန်းအပြင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့အောင်ဆောင်ရွက်သည့်နေရာတွင် အထောက်အကူရရှိလာမည်ဖြစ်ကြောင်း။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တွင် တကယ် Functionဖြစ်အောင် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးအတွက် အားလေးအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုဖော်ဆောင်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာသင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဤသင်တန်းကို တက်ရောက်ခြင်းသည် မိမိတို့အတွက် ဘဝမှတ်တိုင်တစ်ခုအဖြစ် အလေးအနက်ထားပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ခုနှစ် ရည်မှန်းချက်တာဝန် (၁၁)ရပ်ကို ဝန်ထမ်းများ လိုက်နာရမည့် လုပ်ငန်းလမ်းညွှန် (၁၄)ချက်နှင့်အညီ ဆက်လက်အောင်မြင်အောင်အကောင်အထည်ဖော်သွားကြပါ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စာကြည့်တိုက်ပညာဖြင့် အထောက်အကူပြု စွမ်းဆောင်ပေးကြပါဟုပြောကြားသည်။ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းသား သင်တန်းသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၀၈)သို့ ပြည်နယ်နှင့်တိုင်းအသီးသီးတို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးများနှင့်မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၅၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံစာကြည့်တိုက်ပညာသင်တန်း(၂/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့နှင့် ထိုင်းနိုင်ငံ ကလေးကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းကျင်းပသော Workshop on Management of Children in Disaster Situations အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဩဂုတ် ၁၁ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဦးကျော်မြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံကလေးကျန်းမာပညာအဖွဲ့မှ တွဲဖက်ပါမောက္ခ Srivieng Pairojkulက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းများမှ ကလေးအထူးကုဆရာဝန်များ၊စိတ်ကျန်းမာရေးအထူးကုဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဆရာဝန်များနှင့် သူနာပြုများ စုစုပေါင်း ၄၅ဦးခန့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ၌ ကြုံတွေ့ခဲ့ရသော ဆူနာမီ သဘာဝဘေးအန္တရာယ်ကို အခြေခံ၍ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း၊ အာဟာရဖြည့်တင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိမှု ဆောင်ရွက်ခြင်း၊ စိတ်ကျန်းမာရေးမြှင့်တင်ခြင်းစသည့် အကြောင်းများကို ဩဂုတ် ၁၁ရက်မှ ၁၅ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မဂ်တား၊ ဖိုလ်တားအန္တရာယ်များ"တရားတော်(ဒုတိယပိုင်း) ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
၇း၅၀ - ၁း၅၀	Activities In The City (အင်းဝစာအုပ်တိုက်၏ ဒုတိယအကြိမ်ဗုဒ္ဓ၏မွေ့အမွေ ပရိယတ်စာပေပွဲတော်)
၈း၀၀ - ၂း၀၀	Sunday Talk
၈း၃၅ - ၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀	စွမ်းအားစက်မှု အရင်းပြုစီမံဆောင်ရွက် နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	MRTV-4 စာအုပ်စင်ကဏ္ဍ (JUNIOR BABY AND CHILD CARE MAGAZINE နှင့် တွေ့ဆုံခြင်း)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	ကောင်းကင်ယံကအန္တရာယ်
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	ငြိမ့်ညောင်းသာယာစောင်းပညာ
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	ဂမုန်းရေလှောင်တမံ
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူးမျိုးပွားနည်းများ)
၁၁း၃၀ - ၅း၃၀	Living On Water
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	ငှက်ဖျားတိုက်ဖျက်ရေးအကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁၂း၄၀ - ၆း၄၀	Music Gallery (ဒီလွန်- စံပါပဲ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4(Live)

အမရပူရမြို့ တရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

အမရပူရမြို့ လေဘေးကူညီရေး အကျိုးတော်ဆောင်အဖွဲ့က ဦးစီး၍ အရှင်ဇာဂရာလောကာ (လက်ာရ)နှင့် ဓမ္မဓရအရှင်ကုမာရတို့၏ တရားပွဲကို ဩဂုတ် ၁၄ရက်နှင့် ၁၅ရက်တို့တွင် အမရပူရမြို့ သီဟိုဠ်ရွှေဝါခန်းမ၌ ညစဉ် ၇နာရီမှစ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက်က သီဟိုဠ်ရွှေဝါခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးရရှိသော မသီရိလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ခေါင်းဆောင် ဒေါ်သန်းနုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ပန်းပန်းဖြိုးတို့ ဆုများချီးမြှင့်စဉ်။

(၅၄၃)

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်းမှ ထေရဝါဒဓမ္မစာပေဆုအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၁

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း(IDF) မြတ်ဗုဒ္ဓအဘိဓမ္မာနှင့် ဝိပဿနာပြန့်ပွားရေး တရားအလှူတော်လုပ်ငန်း 2008 Dhamma propagation project၏ တတိယမြောက် အစီအစဉ်အရ'ထေရဝါဒဓမ္မစာပေဆု' ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ရေးသားရမည့်အကြောင်းအရာမှာ ထေရဝါဒမြတ်ဗုဒ္ဓသာသနာတော်ကြီး၏ သမိုင်းကြောင်းနှင့် မျက်မှောက်ခေတ်တွင် သာသနာတော်သန့်ရှင်းတည်တံ့၊ ပြန့်ပွားရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကိုယ်ပိုင်အတွေးအမြင်ဖြင့် ဖော်ပြရန်ဖြစ်ပြီး စာမူ၏ခေါင်းစဉ်ကို သင့်လျော်သလိုအမည်ပေးနိုင်သည်။

စာမူကိုလျှောက်လွှာစာရွက်စာမျက်နှာ ၂၀မှ ၃၀အတွင်းရေးသားနိုင်ပြီး စက်တင်ဘာ ၃၀ရက် နောက်ဆုံးထားပေးပို့ရန်နှင့်ရွေးချယ်ခံရသောစာမူရှင်များကို အခမ်းအနားဖြင့်ဆုချီးမြှင့်ကာ စာမူများကိုလည်း စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလှူဒါန်းသွားမည်ဖြစ်သည်။

'ထေရဝါဒဓမ္မစာပေဆု' အတွက် စာမူရေးသားပေးပို့လိုသူများသည်IDF စာတိုက်သေတ္တာအမှတ် ၁၉၁၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့နှင့် ဓမ္မရောင်ခြည်စာပေတိုက်၊ ၇၂၇-က၊ မာဃ၄လမ်း၊၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဖုန်း-၀၉၅၁၂၇၃၃၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

ကမ္မဋ္ဌာနာစရိယ သံဃာတော်များဦးဆောင်သော အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် လပြည့်၊လကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၂၀၉)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့နာရီစင်အနီး ဝိဇ္ဇာလမ်းရှိအနာဂါမ်ဆရာသက်ကြီး ဝိပဿနာရိပ်သာ၌ ဩဂုတ် ၁၆ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းတွင် ဆရာတော်ဦးကုန္ဒာစာရ(ရွှေအင်ကြင်း)ဦးဆောင်လျက် ဆရာတော်ဦးပဏ္ဍိတ(ပဲခူး)၊ ဆရာတော်ဦးဧသိက(သုံးခွ)၊ ဆရာဦးတင်အောင်၊ဆရာလေးဒေါ်ကုသလဝတီ၊ဆရာမဒေါ်ဖြူတို့က တရားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ ဩဂုတ် ၁၆ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ အမျိုးသားမှတ်ပုံတင်ကတ်ပြားများယူဆောင်ကာ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမဂ်လာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ် ၁၀ရက် ညနေ ၆ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး၊ ရေဝတီရေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် - ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် ဇနီး၊ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့်ဇနီး၊ စစ်သံမှူး Sr.Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ အသိပညာပေး ဟောပြောပွဲကို ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင်အမျိုးသားစာပေဆုရ စာရေးဆရာမကြီး မစန္ဒာ 'အဖိုးတန်တဲ့မြေ'ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်း၊ဒုတိယဌာနကြီးမှူးဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် အမျိုးသားစာပေဆုရ စာရေးဆရာမကြီးမစန္ဒာ၏ ကိုယ်ရေးမှတ်တမ်းကို အခမ်းအနားမှူးကဖတ်ကြားတင်ပြပြီး စာရေးဆရာမကြီးမစန္ဒာက**"အဖိုးတန်တဲ့မြေ"**ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ဦးရည်က စာရေးဆရာမကြီး မစန္ဒာအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကာ ဟောပြောပွဲကိုရုပ်သိမ်းလိုက်သည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းရှေ့ဥပစာ၌ အမှတ်တရ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အားကစားနှင့် နယ်စပ်/စည်ပင်နိုင်

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (ဃ) အုပ်စုတွင် အားကစားဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဘောလုံးအသင်းက သမဝါယမဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

၁၂-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(င)အုပ်စု

ကာကွယ်ရေးနှင့်လူဝင်မှုကြီးကြပ်ရေး

(ပေါင်းလောင်းကွင်း)

(င)အုပ်စု

လူမှုဝန်ထမ်းနှင့် သတ္တုတွင်း

(၁၀၇)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ဇယား

(၁၁-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၉	၃	၂	၁၄
၂	တောင်ကိုရီးယား	၄	၄	၀	၈
၃	အမေရိကန်	၃	၄	၅	၁၂
၄	အီတလီ	၃	၃	၂	၈
၅	ဩစတြေးလျ	၂	၀	၃	၅
၆	ဂျပန်	၂	၀	၂	၄
၇	အင်္ဂလန်	၂	၀	၁	၃
၈	ချက်	၂	၀	၀	၂
၉	နယ်သာလန်	၁	၁	၁	၃
၁၀	စပိန်	၁	၀	၁	၂
၁၁	ဖင်လန်	၁	၀	၁	၂
၁၂	အဇာဘိုင်ဂျန်	၁	၀	၀	၁
၁၃	အိန္ဒိယ	၁	၀	၀	၁
၁၄	ရိုမေးနီးယား	၁	၀	၀	၁
၁၅	ထိုင်း	၁	၀	၀	၁
၁၆	ရုရှား	၀	၄	၂	၆
၁၇	ပြင်သစ်	၀	၃	၂	၅
၁၈	မြောက်ကိုရီးယား	၀	၁	၃	၄
၁၉	ကျူးဘား	၀	၁	၁	၂
၂၀	ဂျာမနီ	၀	၁	၁	၂
၂၁	ဩစတြီးယား	၀	၁	၀	၁
၂၂	ကိုလံဘီယာ	၀	၁	၀	၁
၂၃	ဟန်ဂေရီ	၀	၁	၀	၁
၂၄	နော်ဝေ	၀	၁	၀	၁
၂၅	စလိုဗက်ကီးယား	၀	၁	၀	၁
၂၆	ဆွီဒင်	၀	၁	၀	၁
၂၇	တူရကီ	၀	၁	၀	၁
၂၈	ဗီယက်နမ်	၀	၁	၀	၁
၂၉	ဇင်ဘာဘွေ	၀	၁	၀	၁
၃၀	ဘရာဇီး	၀	၀	၂	၂
၃၁	အင်ဒိုနီးရှား	၀	၀	၂	၂
၃၂	အယ်လ်ဂျီးရီးယား	၀	၀	၁	၁
၃၃	အာဂျင်တီးနား	၀	၀	၁	၁
၃၄	ဘီလာရုစ်	၀	၀	၁	၁
၃၅	ခရိုအေးရှား	၀	၀	၁	၁
၃၆	ဂျော်ဂျီယာ	၀	၀	၁	၁
၃၇	ဆွစ်ဇာလန်	၀	၀	၁	၁
၃၈	တာဂျစ်ကစ္စတန်	၀	၀	၁	၁
၃၉	တရုတ်(တိုင်ပေ)	၀	၀	၁	၁
၄၀	ဥဇဘက်ကစ္စတန်	၀	၀	၁	၁
	စုစုပေါင်း	**၃၄**	**၃၄**	**၄၀**	**၁၀၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မေဆာလွန်ရင်ပြင်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အပျက်အစီးများကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတားအဆီးများဖြင့် ကန့်သတ်ထားသည့် အနောက်ဘက်ကမ်းကို ကုန်သွယ်ရေးကိစ္စပြုလုပ်ရန် အစ္စရေး ဖွင့်ပေး

ဟီဘရွန် ဩဂုတ် ၁၀

အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းတို့၏ တိုက်ခိုက်မှုကို ကာကွယ်ရန် အနောက်ဘက်ကမ်းတစ်လျှောက်တွင် အတားအဆီးများ ချထားခဲ့မှုအပေါ် နိုင်ငံတကာ အဖွဲ့အစည်းများ၏ တိုက်တွန်းချက်အရ ကုန်သွယ်ရေးလုပ်ငန်းအတွက် ကြာသပတေးနေ့က ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်းရိုက်တာသတင်းတွင်ဖော်ပြသည်။ ရောင်းဝယ်ရေးလုပ်ကိုင်သော အဓိကနေရာတွင် စစ်ဆေးရေးဂိတ်များထားရှိကာ ကုန်တင်ယာဉ်များအား တစ်နေ့လျှင် ခြောက်နာရီကြာဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးအစိုးရအဖွဲ့က ပြောကြားသည်။ ပါလက်စတိုင်းတို့လှုပ်ရှားရာ အနောက်ဘက်ကမ်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များနှင့် အတားအဆီးများကို ဖယ်ရှားပေးသည့်အတွက် အစ္စရေးအစိုးရအား အမေရိကန်နှင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အထူးသံတမန်ဖြစ်သူတိုနီဘလဲတို့က ချီးကျူးသည်။

အဆိုပါ အတားအဆီးများအား မိမိတို့ပိုင် နယ်မြေများတွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်အတွက်ထားရှိခြင်းဖြစ်ကြောင်းအစ္စရေးတို့က ဆိုသည်။ ယခင်က ကုန်သွယ်မှုပြုလုပ်ရန်အတွက် စစ်ဆေးရေးဂိတ်သို့ ရောက်ရှိရန် အဆိုပါ အတားအဆီးများကို ရှောင်ကွင်းသွားခဲ့ရသည်မှာ တစ်နာရီခန့်ကြာကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တယ်လ်အဖာမြို့ ဈေးအတွင်း ဗုံးပေါက်ကွဲ၊ ၁၈ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၀

သောကြာနေ့က အီရတ်နိုင်ငံမြောက်ပိုင်း တဲလ်အဖာမြို့၏ လူစည်ကားရာ ဈေးအတွင်း၌ ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ၁၈ ဦးထက်မနည်း သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပြီးခဲ့သော ပေါက်ကွဲမှုများအနက် ယခုတစ်ကြိမ် ဗုံးခွဲတိုက်ခိုက်မှုသည် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ယခုအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် အီရတ်နိုင်ငံမြောက်ပိုင်းမှ စစ်သွေးကြွများ အနေဖြင့် ၎င်းတို့တွင် ပြင်းပြင်းထန်ထန်တိုက်ခိုက်နိုင်သည့် စွမ်းပကားများ ရှိနေသေးကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အရေးပေါ်ကာလအဖြစ် ထုတ်ပြန်ကြေညာထားမှုသည် ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲကာလတွင် ဆက်လက်တည်ရှိနေမည်

ဒါကာ ဩဂုတ် ၁၀

တရားဥပဒေစိုးမိုးပြီး ငြိမ်ဝပ်ပိပြားသည့် ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေးအတွက် အရေးပေါ်အခြေအနေကြေညာချက်သည် အမှန်တကယ် လိုအပ်သည့် ကိစ္စရပ်တစ်ခုဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့က တရားဝင် ထုတ်ပြန်ကြေညာသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံရေးအကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သည့်အတွက် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့ရသည်။ ထိုကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် အဓိကနိုင်ငံရေးပါတီများဖြစ်သည့် အဝါမီအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီတို့က တောင်းဆိုခဲ့ကြသည်။

ပြောကြား

မိမိတို့အနေဖြင့် ဘယ်သူတွေ ဘာပြောပြော နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမည်သာဖြစ်ကြောင်း၊ ယခုသီတင်းပတ်အတွင်းကျင်းပမည့် ဒေသတွင်းရွေးကောက်ပွဲများ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခြင်းမှာ အရေးပေါ်ကြေညာချက်ကြောင့်ပင် ဖြစ်သည်ဟုကြားဖြတ်အစိုးရအဖွဲ့မှအကြံပေးဖြစ်သူအင်န်ဝါရယ်လ်အက်ဘဲလ်က သတင်းထောက်များအား ပြောကြားသည်။

အရေးပေါ်အခြေအနေအဖြစ် ကြေညာထားရခြင်းမှာ လွတ်လပ်၍ တရားမျှတပြီး ငြိမ်းချမ်းသည့် ဒေသတွင်းရွေးကောက်ပွဲများ ကျင်းပနိုင်စေရန်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်ခြင်းမရှိဘဲ အခြေအနေ အမှန်တကယ် ကောင်းမွန်လာပါက သီးခြားမဲဆွယ်နိုင်ရန် အရေးပေါ်အခြေအနေကို လျှော့ပေါ့ပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထုတ်ပြန်

သီးခြားဖြစ်စဉ်အနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ပြစ်ဒဏ်ကျခံရဖူးသူများဖြစ်ပါက အနည်းဆုံး သုံးနှစ်အတွင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း ရွေးကောက်ပွဲဥပဒေသစ်ကို အစိုးရအဖွဲ့က အတည်ပြု ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့ကို ရုရှားလေတပ်က လေကြောင်းမှ တိုက်ခိုက်ပြီးနောက် ပျက်စီးနေသော အဆောက်အအုံများကြား၌ စစ်ဘေးဒုက္ခသည် မိခင်တစ်ဦးနှင့် ကလေးငယ်အား ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းလျှင် ဆဒါအဖွဲ့ ဖျက်သိမ်းမည်

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များသည် သတ်မှတ်ထားသော အချိန်ဇယားအတိုင်း စတင်ရုပ်သိမ်းခဲ့လျှင် အမေရိကန် ဆန့်ကျင်ရေးသမား ဘာသာရေးခေါင်းဆောင် မော့တာဒါအယ်လ်ဆဒါသည် ၎င်း၏ မီဒီလက်နက်ကိုင်အဖွဲ့ကို ဖျက်သိမ်းလိမ့်မည်ဟု ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အီရတ်မှ အမေရိကန်တပ်များ ဆုတ်ခွာခြင်းနှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့များ ဖျက်သိမ်းခြင်းကို ဆက်စပ်ထားသော ဆဒါ၏ ဆုံးဖြတ်ချက်သည် ယခုနှစ်ကုန်လျှင် ကုလသမဂ္ဂမှ ပေးအပ်ထားသော အခွင့်အာဏာကုန်ဆုံးသောအခါ အမေရိကန်တပ်ဖွဲ့များကို တရားဝင်စစ်စခန်းတစ်ခု ပေးမည့် လုံခြုံရေးစာချုပ်တစ်ခုကို ဝါရှင်တန်နှင့် ဘဂ္ဂဒက်တို့အကြား ဆွေးနွေးနေစဉ် အရေးကြီးသော အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိစေခဲ့သည်။ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်ကအီရတ်နိုင်ငံမှတပ်ဖွဲ့ဝင်အင်အား ၁၄၄၀၀၀ ကို ရုပ်သိမ်းရေးအတွက် အချိန်ဇယားတစ်ခုကို သတ်မှတ်ရန် ငြင်းဆိုခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဂျီယာ ပစ်မှတ်များကို ရုရှားဆက်လက်ဗုံးကြဲ ဂိုရီမြို့ကို ရုရှားတပ်ဖွဲ့ဝင်များ သိမ်းပိုက်

တီဘီလီစီ (ဂျော်ဂျီယာ) ဩဂုတ် ၁၁

ရုရှားလေယာဉ်များသည် တနင်္လာနေ့က ဂျော်ဂျီယာနယ်မြေပေါ်သို့ အုပ်စုလိုက် ထပ်မံဗုံးကြဲတိုက်ခိုက်ကြသည်။

ခွဲထွက်ရေးဒေသ အက်ခါဇီယာအနီးရှိ ဂျော်ဂျီယာလက်နက်ကိုင်တပ်ဖွဲ့များကို လက်နက်ဖြုတ်သိမ်းရန် ရုရှားက တောင်းဆိုသဖြင့် ဒုတိယစစ်မြေပြင်တစ်ခု၏ ခြိမ်းခြောက်မှုကို ဂျော်ဂျီယာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရလျက်ရှိသည်။

ရုရှားထိပ်တန်း ဗိုလ်ချုပ်ကြီးတစ်ဦးက ရုရှားသည် ဂျော်ဂျီယာပိုင်နက်အတွင်းသို့ ထပ်မံဝင်ရောက်ရန် အစီအစဉ်မရှိကြောင်း အလေးအနက် ပြောကြားသည်ဟုဆိုသည်။ ဂျော်ဂျီယာနိုင်ငံ၏ အပစ်အခတ်ရပ်စဲရန် မေတ္တာရပ်ခံချက်ကို လေ့လာရန် နိုင်ငံတကာက တောင်းဆိုနေသည်။

ရုရှားက ဂျော်ဂျီယာတပ်ဖွဲ့များသည် တောင်အော်ဆက်တီးယားမှ ဆုတ်ခွာရမည်ဟု ပြောဆိုလျက်ရှိသည်။ ရုရှားနိုင်ငံက ဂျော်ဂျီယာအစိုးရကို ဖြုတ်ချရန်ကြိုးစားရာတွင် စစ်ပွဲကို အသုံးချနေသည်ဟု အမေရိကန်တာဝန်ရှိသူများက စွပ်စွဲသည်။ သမ္မတဘုရှ်က ဝန်ကြီးချုပ်ပူတင်နှင့် စကားပြောဆိုရာ၌ ယခုဖြစ်ရပ်အပေါ် အမေရိကန် အစိုးရက အလွန်အမင်း စိုးရိမ်လျက်ရှိကြောင်း၊ တောင်အော်ဆက်တီးယားပြင်ပတွင် ဗုံးကြဲတိုက်ခိုက်ခြင်းကိုလည်း ပြင်းထန်စွာရှုတ်ချကြောင်း ပြောဆိုခဲ့သည်။

ဂျော်ဂျီယာနိုင်ငံ၏တောင်းဆိုမှုကြောင့် အီရတ်နိုင်ငံတွင်ရှိသော ဂျော်ဂျီယာတပ်ဖွဲ့များကို အမေရိကန်က တနင်္ဂနွေနေ့က လေကြောင်းဖြင့်ပြန်လည်ပို့ဆောင်ပေးခြင်းကို ပူတင်က ပြန်လည်ဝေဖန်ပြစ်တင်ခဲ့သည်။

[နောက်ဆုံးရရှိသော စီအင်န်အင်န်သတင်းအရ ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့ကို ရုရှားတပ်ဖွဲ့များက သိမ်းပိုက်လိုက်နိုင်သဖြင့် ဂျော်ဂျီယာတပ်ဖွဲ့ဝင်များ အဆိုပါမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။]

အင်တာနက်။

ရေဒါစခန်းဆောက်မည့် အစီအစဉ် ချက်ပြည်သူများဆန့်ကျင် အမေရိကန်ပစ္စည်းကို သပိတ်မှောက်မည်

ပရာဟာ ဩဂုတ် ၁၀

ချက်မြေပေါ်တွင် အမေရိကန်ရေဒါစခန်း တည်ဆောက်ရန် အစီအစဉ်ကို ဆန့်ကျင်ကြသူများသည် အမေရိကန်ကုမ္ပဏီများက ထုတ်လုပ်သောပစ္စည်းများကို သပိတ်မှောက်ရန် ကြိုးစားလျက်ရှိကြကြောင်း ဟိုဲစ်ပိုဒါစကီးနိုဗီနီ(အိတ်ချ်အန်)က သောကြာနေ့တွင် ဖော်ပြသည်။

အမေရိကန်အစိုးရအား ငွေကြေးပံ့ပိုးနေသော ကုမ္ပဏီများကို ရေဒါစခန်းဆောက်ရန် ရွေးချယ်ပြီးဖြစ်ကြောင်း၊ အဆိုပါ ကုမ္ပဏီများသည် ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရမှာဖြစ်ကြောင်း၊ ယင်းအတွက်၎င်းတို့သည်တစ်စုံတစ်ခုကို ဆောင်ရွက်ကြ ရမှာဖြစ်ကြောင်း ရေဒါစခန်း ဆန့်ကျင်သူများအုပ်စုမှ ဂျန်ဘက်နာဆိုသူက ပြောကြားသည်။

ကုမ္ပဏီများက အမေရိကန်သမ္မတအား ရေဒါစခန်းစီမံချက်ကို စွန့်လွှတ်ရေးအတွက် ဆွဲဆောင်စေရန် ရည်ရွယ်သည်။

ပိတ်ပင်တားဆီးထားသော ကုန်ပစ္စည်းများ၏ တံဆိပ်များကို ရေဒါဆန့်ကျင်ရေး ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုက ချက်နိုင်ငံ၏ ဘာဒီစစ်နယ်မြေတွင် ရေဒါစခန်း တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးGeneral, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်သည့်

ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီး Mrs. Tran Thi Loc တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ညဏ်ထွန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် လှဋ္ဌေးဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်နှင့် တပ်မတော် အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် နံနက် ၈နာရီ ၅၅မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဧည့်သည်တော်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးကလည်း ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါးအညွှန်း

နှင်းဦးခင် ၏

“စာပေစိုက်ပျိုး ဒါနမိုး တိုးလျှက် ရွာစေချင်”

(ဆောင်းပါး) စာမျက်နှာ - ၅